■ So many men, so many minds.

◆ လူအမျိုးမျိုး စိတ်အထွေထွေ။

\+ + +

■ Nothing is impossible to willing heart.

◆ ထက်သန်လိုလားနေသည့် စိတ်နှလုံးအတွက် မဖြစ်နိုင်သည့် အရာဟူ၍ မရှိပေ။

\+ + +

■ You should not be disheartened when faced with problems.

◆ ပြဿနာများနှင့် ရင်ဆိုင်လာရသောအခါ စိတ်ဓာတ်မကျပါနှင့်။

\+ + +

■ You can measure a man by the opposition it takes to discourage him.

◆ ဘယ်လိုဆန့်ကျင်ဘက် အကြောင်းတရားနှင့် တွေ့လျှင် သွေးကြောင်သွားတတ်သနည်း။ ထိုနည်းဖြင့် လူတစ်ဦးကို တိုင်းတာချင့်တွက်၍ ရသည်။

\+ + +



■ In the absence of certainty, instinct is all you can follow.

◆ သေချာရေရာမှု ကင်းမဲ့သွားချိန်မှာ အားကိုးအားထားပြုစရာဆို၍ မွေးရာပါဗီဇ အသိတစ်ခုပဲ ရှိသည်။

\+ + +

■ You are most likely to succeed in a business that is in tune with your character. In such a business you will be confident. And confidence begets success.

◆ သင်၏စရိုက်နှင့် ညီညွတ်သော လုပ်ငန်းတွင် သင် အောင်မြင်နိုင်ဖွယ်ရာ အရှိဆုံးဖြစ်ပါ၏။ ဤသို့သော လုပ်ငန်းမျိုးတွင် သင်သည် မိမိကိုယ်မိမိ ယုံကြည်စိတ်ချလာမည်။ ယုံကြည်စိတ်ချမှုသည် အောင်မြင်မှုကို ဖွားမြင်သည်။

\+ + +

■ The gambling instinct drives millions of people to failure.

◆ လောင်းကစားနည်းမျိုးဖြင့် အချောင်ငွေရလိုစိတ်ရှိခြင်းသည် လူသန်းပေါင်းများစွာတို့၏ ဘဝကို ပျက်စီးစေနိုင်သည်။